
ရန်ထူးပေးသူ
အပါအဝင်
မဂ္ဂဇင်းဝတ္ထုတိုများစုစည်းမှု
ဂါဦးနွန်းကို
Design : Ga Oul Noon Koe

# ရန်နှံ့ထူးပေးသူ

အင်း...

" ကြောက်တတ်ရင် ရန်ကင်း " ဆိုတဲ့စကားပုံက အဖေ့အတွက်တော့ မှားတယ်ကွ ။ အဖေရဲ့အဖြစ်က မကြောက်တတ်လို့ သာ ဘေးကင်းခဲ့ရတာ ။

အဲဒီ အချိန်က အဖေများ ကြောက်တတ်ခဲ့ရင် ရူးရင်ရူး ၊ မရူးရင်တောင် ကြောက်အားလန့်အား ထွက်ပြေးပြီး ရပ်ကျော်ရွာကျော်နဲ့ ကြားမကောင်းကျော်မကောင်းဖြစ်ကုန်မှာ ။ ကိုယ်က အစိုးရဌာနရဲ့ဝန်ထမ်းဆိုလည်း ဟုတ် ၊ လူငယ် လည်း ဖြစ်တော့ အခုလို မကြောက်တတ်ခဲ့တာပဲ ခပ်ကောင်းကောင်းလို့ပြောရမယ် ။

ခုတော့ လူအများရှေ့ မှာ အဖေက ဟီးရိုးကြီးလုံးလုံးကိုဖြစ်ရော ။ ကိုယ့်သမီးရှေ့ မှာမို့ ကြွားတာ မဟုတ်ဘူး ။ အဖေ့အဖြစ်မျိုးက တော်တန်ရုံသတ္တိနဲ့ဆို ကြောက်လွန်းလို့ သေသွားနိုင်တယ်ဟေ့ ။

အဲဒီ အချိန်တုန်းက တစ်ရွာလုံး မသိခဲ့တဲ့လျှို့ ဝှက်ချက်ကို အခု...အဖေ သမီးလေးကို ပြောပြမယ် ။

- မိုးလင်းသွားတဲ့အထိ သရဲချောက်နေမှန်း အဖေ မသိလို့ပေါ့ သမီးရယ် ...

နို့မဟုတ်ရင် အဖေလည်း လူပဲဥစ္စာ ။ မကြောက်ဘဲနေပါ့မလား ။ အဖြစ်က ဒီလိုကွယ့်...။

*

ကျွန်တော်က ပျားလုပ်ငန်းဌာနမှ အစိုးရဝန်ထမ်းတစ်ဦးဖြစ်၏ ။ ကျွန်တော့်တာဝန်က ဌာနမှနေ မြို့နယ်အသီးသီး သို့ ပို့လွှတ်လိုက်သော-ပျားပုံးများကို လိုက်လံစစ်ဆေးရခြင်းဖြစ်ရာ ထိုတာဝန်ဖြင့် တိုက်ကြီးမြို့နယ်တစ်ဖက်ရှိ ဂျိုးဖြူစံပြ ကျေးရွာဆီသို့ ကျွန်တော် သွားရောက်ခဲ့ရသည် ။

ကျေးလက်ဒေသလေးဖြစ်သဖြင့် သစ်ပင်ပန်းပင်တို့ အုံ့အုံ့ဆိုင်းဆိုင်း ညို့ညို့မှိုင်းမှိုင်းနှင့် နှစ်သက်ကြည်နူးဖွယ် ကောင်းလှသည် ။ လယ်ကွင်းများကလည်း တမျှော်တခေါ်ကြီး ကျယ်ပြန့်ကာ စိုက်ပင်ပျိုးပင်များဖြင့် စိမ်းလန်းစိုပြည်လျက် ရှိ၏ ။

ဤဖြစ်ရပ်ဖြစ်ပွားခဲ့စဉ် လွန်ခဲ့သောအနှစ်(၂၀)ကျော်က လယ်ထွန်စက်များကို အသုံးမပြုကြသေး၍ ထွန်တုံးနှင့် နွားကို အတူရုန်းစေကာ ကိုယ်တိုင် ပင်ပင်ပန်းပန်း လယ်ထွန်စိုက်ပျိုးနေသော တောင်သူလယ်သမားများကို ကြည့်ရင်း ကျွန်တော့်စိတ်ထဲ လေးစားကြည်ညိုနေမိသည် ။

ဤဒေသတွင် စိုက်ပျိုးရေးအတွက် ရေအလုံအလောက်ရရှိစေရန် ချောင်းတစ်ခုကို သွယ်တားပြီး ဆည်မြောင်း သဘောမျိုး ရေကာတာတစ်ခု ဆောက်လုပ်ထားသည်ကို တွေ့ရ၏ ။ အလုံးစုံချုံငုံကြည့်သော် အေးချမ်းသာယာလှပသည့် ရွာငယ်လေးတစ်ရွာပင်တည်း ။

ကျွန်တော်က သဘာဝ အလှတရားများကို ရေခပ်ဆင်းသော-လုံမပျိုတို့ထက် ပို၍ စိတ်ဝင်စားတတ်သူဖြစ်၍ ရွာထဲ တွင် နေထိုင်ရန် စိတ်ကူးမရှိပေ ။ ရွာထဲမှာ နေလျှင် လာရောက်ညှော်ခံသော-လူကြီးသူမများကို

ပြန်လည်ညွှတ်ပြုကာ စကားပြောနေရဦးမည် ။

ကျွန်တော်က လူငယ်လေ ။ တစ်ယောက်တည်း အေးအေးလူလူငေးနေတွေးနေရသည်ကို ပို၍ နှစ်သက်တာပေါ့ ။ သို့ကြောင့် ရွာထဲတွင် စတည်းမချဘဲ လယ်ကွင်းထဲရှိ တဲတစ်ခုတွင် ခွင့်တောင်းပြီး ပျားပုံးများ နေရာမပြောင်းမချင်း ထိုတဲ တွင်သာ နေထိုင်မည်ဟု ဆုံးဖြတ်လိုက်သည် ။

*

" ငါ့တူက မောင်တိုးမြင့်ရဲ့ မိတ်ဆွေ မဟုတ်လား ။ မောင်တိုးမြင့်က မှာထားတယ် ။ ငါ့တူ ရွာကိုရောက်လာရင် ဒေါ်ကြီး

တို့အိမ်မှာ တည်းပါစေတဲ့ ။"

ခွင့်တောင်းမည်ဟူသောအတွေးဖြင့် နီးစပ်ရာတဲဆီသို့ လျှောက်လာပြီး အဒေါ်ကြီးတစ်ယောက်ကို မိမိဟာ အစိုးရဝန်ထမ်း တစ်ဦးဖြစ်ကြောင်း ၊ တာဝန်အရ ရောက်ရှိလာရခြင်းဖြစ်ကြောင်း မိတ်ဆက်လိုက်သည့်အခါ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ ။ ထိုအဒေါ်ကြီးက ကျွန်တော့် မိတ်ဆွေ၏ ကြီးဒေါ်ဖြစ်နေပါပကော ။

ကိုတိုးမြင့်ဆိုတာ ကျွန်တော့်သူငယ်ချင်းဆိုလည်း ဟုတ် ၊ လုပ်ဖော်ကိုင်ဖက်ဆိုလည်း ဟုတ်သည် ။ ဘယ်အိမ်မှာ တည်းရမှန်း မရေရာသော- ကျွန်တော့်အဖို့ ရေကန်အသင့် ကြာအသင့် ဖြစ်ခဲ့ပြီ ။

" ဟုတ်ကဲ့ ဒေါ်ကြီး ။ ဒါဆိုရင် ကျွန်တော့်ကို လယ်တဲမှာပဲ အိပ်ခွင့်ပြုပါ ။ ကျွန်တော် ရွာထဲမှာ မတည်းချင်လို့ ။"

ကျွန်တော့်စကားကြောင့် အဒေါ်ကြီးက တွန့်နေသောနဖူးကြောများ ပို၍ တွန့်သွားသည်အထိ မျက်မှောင်ကျုံ့ လိုက်ပြီး...

“ အင်း…ငှါတူက မြို့ သားဆိုတော့ လယ်တဲမှာ နေနိုင်ပါ့မလား ။ ခြင်ကလည်း ကိုက် ၊ အေးကလည်း အေးပါဘိ ။”

“ ရပါတယ် ဒေါ်ကြီး ။ ကျွန်တော်က ရန်ကုန်မှာသာ အလုပ်လာလုပ်တာ ။ ကျွန်တော် တကယ်နေတဲ့နေရာက

ဇင်းကျိုက်မှာခင်ဗျာ့ ။ ရွာမှာဆို ဒီလိုပဲ လယ်တဲမှာ အိပ်နေကျ ။”

အာပေါင်အာရင်းသန်သန် ပြောလိုက်သော-ကျွန်တော့်စကားကြောင့် အဒေါ်ကြီး၏ ကျဉ်းမြောင်းသောမျက်လုံးများ ပြူး ကျယ်သွားသည် ။

“ ငှါတူက ဇင်းကျိုက်ဇာတိလား ။ ဒေါ်ကြီးအမျိုးတွေလည်း ဇင်းကျိုက်မှာ ရှိတယ် ။ ဒေါ်ပုမတို့ ၊ မကွမ်းအိမ်တို့ဆိုတာ

ဒေါ်ကြီးညီမဝမ်းကွဲတွေလေ ။”

“ အာ … သိတာပေါ့ ။ သူတို့သားတွေနဲ့ကျွန်တော်က ငယ်သူငယ်ချင်းတွေ ။”

သည်လိုနှင့် ဇင်းကျိုက်မြို့အကြောင်းပြောရင်း ဆွေမျိုးစပ်လိုက်ကြတာ ညနေစောင်းသွားပါရောလား ။

အဒေါ်ကြီးက သူ့တွင် အိမ်ထောင်သည်သားနှစ်ယောက်ရှိကြောင်း ၊ လင်ယောကျ်ားကမူ လွန်ခဲ့သော(၁၀)နှစ်ခန့် ကတည်းက ဆုံးပါးသွားခဲ့ကြောင်း ၊ သားကြီးမှာ မော်လမြိုင်ဘက်သို့ ခဏသွားနေပြီး သားငယ်တို့လင်မယားကတော့ မိမိနှင့်အတူ လယ်တဲတွင် လာရောက်နေထိုင်ကြောင်း ၊ ယခု သားငယ်တို့လင်မယားက ရွာထဲရှိနေအိမ်တွင် ဆီ/ဆား သွားယူကြောင်း ၊ မကြာမီ ပြန်လာကြမည်ဖြစ်ကြောင်း ၊ လယ်တဲ၌ ပျော်သလောက် နေနိုင်ကြောင်းတို့ကို ဝမ်းပန်းတသာ ပြောပြရှာသည် ။

(၅)နာရီခွဲကျော်ကျော်လောက်တွင် အဒေါ်ကြီး၏ သားနှင့်ချွေးမဖြစ်သူတို့

အမောတကောဖြင့် ရောက်လာကြ၏ ။ အရေးကြီးကိစ္စ ပေါ်လာဟန်တူသည် ။

“ အမေ…အမေ့အစ်မ ဖျားနေလို့ ။ အဲ့ဒါ မြို့နယ်ဆေးခန်းကို သွားရမယ်တဲ့ ။ လိုက်သွားဖို့ကလည်း လူမရှိဘူးဖြစ်နေတယ် ။ အမေ အခု ပြန်မှဖြစ်မယ် ။ လယ်တဲအတွက်တော့ မပူနဲ့ ။ ဒီမှာက သူခိုးလည်း မပူရပါဘူး ။ ကျွန်တော်တို့လင်မယားလည်း စောင့်နေပ့ါမယ် ။”

ခရီးရောက်မဆိုက်ပင် ပြောချလိုက်သော အဒေါ်ကြီး၏ သား-ကိုမြင့်မူ၏ စကားများကြောင့် အဒေါ်ကြီး စိတ်ပူသွားပုံရသည် ။ ကျွန်တော့်ကို ဂရုစိုက်ကြရန် ၊ ညှော့ဝတ်ကျေပွန်ရန် သူ့သားနှင့်ချွေးမတို့ကို မှာကြားပြီး အမြန်ထွက်သွားလေတော့သည် ။

ကျွန်တော်လည်း ရေချိုးကာ ကိုမြင့်မူ၏ မိန်းမ-မမြထွေး ပြင်ဆင်ပေးထားသော-ထမင်းဝိုင်းတွင် ထမင်း ဝင်တွယ် လိုက်သည် ။ ဟင်းက ချည်ပေါင်ဟင်းနှင့် ဝက်သားကြော်ဖြစ်၍ ထမင်းအလွန်မြိန်လှ၏ ။ စားသောက်ပြီးသည့်နောက် ထမင်းလုံး စီသည့်အနေဖြင့် တဲရှေ ပက်လက်ကုလားထိုင်တွင် ထိုင်ကာ ဝင်လုဆဲနေလုံးကြီးကို ငေးကြည့်ရင်း ဖိမ်ရစ်နေ ခိုက်…

“ ငါ့ညီရေ…ငါတို့လင်မယား ရွာထဲကဘုရားပွဲကို ခဏသွားချင်လို့ ။ လယ်ကွင်းနဲ့ရွာက သိပ်မဝေးပါဘူး ။ အဲ့ဒါ ငါ့ညီလိုက်ရင် လိုက်ခဲ့ပါလား ။”

“ ဟာ…သွားပါဗျာ ။ ရပါတယ်…ကျွန်တော် တစ်ယောက်တည်း နေရဲပါတယ် ။ ဘယ်အချိန်လောက် ပြန်လာမှာလဲ ။”

“ သိပ်မကြာပါဘူး ။ ၈နာရီ ၉နာရီဆို ပြန်ရောက်ပါတယ် ။”

ကိုမြင့်မူတို့လင်မယားက ကျွန်တော့်ကို နှုတ်ဆက်ကာ ထွက်ခွာသွားကြလေသည် ။

နေက တဖြည်းဖြည်းနှင့် လယ်ကွင်းတွေနောက်ဘက်သို့ တိမ်ဝင်ပျောက်ကွယ်သွားလေပြီ ။ မိုးချုပ်သွားသည်အထိ ထိုင်စောင့်နေသော်လည်း ကိုမြင့်မူတို့လင်မယားက ပြန်ရောက်မလာသေးချေ ။ ပျင်းရိလာသည်နှင့် ကျွန်တော်လည်း ကိုမြင့်မူတို့ စီမံပေးထားသည့်-အိပ်ခန်းထဲသို့ဝင်ကာ ခြင်ထောင်ချပြီး မှေးနေလိုက်တော့၏ ။

*

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ...မီးဖိုခန်းဆီမှ အသံဗလံများကြားရ၍ ကျွန်တော် လန့်နိုးလာခဲ့သည် ။ တောရွာဒေသပေမို့ လျှပ်စစ်မီးကလည်း မရှိ ။ ခေါင်းရင်းကကျောပိုးအိတ်အတွင်းမှ လက်နှိပ်ဓာတ်မီးကို ထုတ်ယူကာ မီးဖိုခန်းဆီသို့ ကျွန်တော် ထွက်လာခဲ့သည် ။

- ကိုမြင့်မူတို့လင်မယား ပြန်ရောက်နေလို့များလား ၊ ဒါမှမဟုတ် သူခိုးဝင်တာလား...

ထိုအတွေးကြောင့် ခြေရင်းအခန်းထောင့်တစ်နေရာတွင် ထောင်ထားသော-အုန်းတံမြက်စည်းကို လှမ်းယူကာ ခြေသံလုံလုံ ဖြင့် လျှောက်လာလိုက်သည် ။

လယ်စောင့်တဲဟုဆိုသော်ငြား အတော် ကြီးမားကျယ်ဝန်းလှသည် ။ အလျားပေနှစ်ဆယ် ၊ အနံပေလေးဆယ် နီးပါး ကျယ်ဝန်းပြီး သွပ်မိုး ၊ ထရံကာတဲကြီးဖြစ်သည် ။ အိပ်ခန်းနှစ်ခန်း ၊ အလယ်တွင် စကြံ့န်လမ်းရှိပြီး အနောက်ဖက်က မီးဖိုခန်းနှင့် ဆက်လျက်တည်ရှိသည် ။ သို့ပေမဲ့ အောက်ဘက်ကြမ်းပြင်တွင်တော့ ဘာမှခင်းကျင်းထားခြင်းမရှိ ။ အခန်းများ ၌ ကွပ်ပျစ်များ ရိုက်ထား၏ ။

ကျွန်တော် လက်နှိပ်ဓာတ်မီးကို ရှေ့တည့်တည့်ဆီသို့ထိုးရင်း မီးဖိုခန်းထဲသို့ လာခဲ့သည်။ အသံဗလံတွေက ကျွန်တော် လန့်နိုးလာစဉ်တုန်းကလောက် မကျယ်လောင်တော့ပေ။ ချွတ်ချွတ်ချပ်ချပ်အသံလောက်သာ ကြားနေရတော့သည်။

"ဟာ... ဘာအနံ့လဲ...။ တစ်မျိုးပဲ။"

မီးဖိုခန်းထဲသို့ ဝင်လိုက်သည်နှင့် နန္ဒင်းနံ့က ထောင်းလမောင်းထနေသည်။ အခြားဘာပစ္စည်းမှ ပျောက်ရှနေပုံမပေါ်သဖြင့် သူခိုး ဝင်ခြင်းတော့ မဖြစ်နိုင်။

လယ်ကွင်းထဲတွင်ဖြစ်၍ မြေကြွက်အိမ်ကြွက်တွေတော့ ပေါများပေလိမ့်မည်။ သို့ကြောင့် ကြွက်သူခိုးလေးများ၏ လက်ချက်သာ ဖြစ်လိမ့်မည်ဟု ကျွန်တော် တထစ်ချယူဆလိုက်မိပြီ။ အသံဗလံများက ထမင်းဟင်း အနံ့ရ၍ လာရောက် ကြသော-ကြွက်သူခိုးများ၏ ဟိုတိုးသည်တိုးအသံများသာဖြစ်လိမ့်မည်။ နန္ဒင်းပုလင်းကိုလည်း ဝင်တိုးခဲ့ပုံရသည်။

"တောက် ... ကြွက်သူခိုးစုတ်တွေ..."

ကျွန်တော် ဒေါသထွက်စွာ ရေရွတ်လိုက်ရင်း နန္ဒင်းနံ့ ပျောက်ကင်းသွားစေရန် မှောက်နေသော-နန္ဒင်းပုလင်းကို ဓာတ်မီး အလင်းရောင်ဖြင့် ရှာဖွေကြည့်သည်။ မတွေ့ချေ။

ကြာတော့ ရှာတဲ့ကျွန်တော်သာ စိတ်လျှော့လိုက်ကာ အခန်းထဲသို့ ပြန်လာခဲ့သည်။ နာရီကို ကြည့်လိုက်တော့ (၁၁)နာရီခွဲတော့မည်။

- ကိုမြင့်မူတို့ ဘာကြောင့်များ ပြန်မလာသေးပါလိမ့် ...

ကြာကြာမတွေးနိုင်ပါ။ တစ်နေကုန် ပျားပုံးများ လိုက်လံစစ်ဆေးခဲ့ရ၍

ပင်ပန်းနေပြီမို့ အိပ်ရာပေါ် လှဲချလိုက်သည်နှင့် ပြန်လည်အိပ်ပျော်သွားတော့သည် ။

*

“ ဟာ…တောက် ! အိပ်ရေးကို ပျက်တယ် ။ ကြွက်စုတ်တွေ…”

ဝုန်းဒိုင်းကြဲနေသော-ဆူညံသံတွေကြောင့် ကျွန်တော် ဖျတ်ခနဲလန့်နိုးလာသည် ။ မီးဖိုခန်းတစ်ခုလုံး အိုးသံခွက်သံများဖြင့် သောသောညံနေ၏ ။ ကျွန်တော် အလွှန်မုန်းသည့်နန္ဒင်းနံ့ကလည်း အိပ်ခန်းထဲအထိပင် သင်းလျက်ရှိသည် ။

“ ဒီနန္ဒင်းနံ့က တစ်မျိုး ။ တွေ့မယ်…”

ကျွန်တော် လက်နှိပ်ဓာတ်မီးကို ယူကာ မီးဖိုခန်းသို့ ထွက်လာခဲ့သည် ။ ကြွက်တို့၏ သဘာဝ အတိုင်း လူလာပြီဆိုသည်နှင့် အသံမျိုးစုံက ဖြုန်းဆို တိတ်သွားခဲ့ပြီ ။

မီးဖိုခန်းထဲရောက်တော့ အပုန်းကောင်းသော-ကြွက်များနှင့် နန္ဒင်းပုလင်းကို ကျွန်တော် ဘယ်လိုရှာရှာ မတွေ့ ။ ကြာလာတော့ မျက်လုံးများ ကျိန်းစပ်နာကျင်လာ၍ လက်လျှော့ကာ အိပ်ခန်းဆီသို့ ပြန်လာခဲ့သည် ။ ထုံးစံအတိုင်း အိပ်ရာ ပေါ် လှဲချလိုက်သည်နှင့် ပင်ပန်းမှုအရှိန်ကြောင့် ချက်ချင်းပင် အိပ်ပျော်သွားပြန်သည် ။

“ ဟာ……ဒီကြွက်စုတ်တွေတော့ ။”

မှေးခနဲဖြစ်ရုံရှိသေး…အသံတွေက ဝုန်းဒိုင်းကြဲနေပြီ ။ ဒီကြွက်တွေက မီးဖိုချောင်တစ်ခုလုံးကိုများ ဝါးမြိုတော့မလား မသိ ။

နာရီကိုကြည့်လိုက်တော့ (၂)နာရီ(၄၄)။ သည်ပုံအတိုင်းဆို ကျွန်တော်က ပြန်အိပ်လိုက်၊ ကြွက်သံတွေကြောင့် နိုးလိုက်၊ ထကြည့်လိုက်နှင့် မိုးလင်းတော့မည် ။

မဖြစ်ချေ...မနက်ကျ လုပ်ရမည့်အလုပ်တွေက ရှိသေးသည် ။ ကျွန်တော် နံဘေးမှစောင်ကို ဆွဲယူကာ ခေါင်းမြီး ခြုံလိုက်သည် ။ နောက်တော့ အသံတွေ တိတ်မတိတ် မသိ...ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားပါရော ။

*

" မောင်ခင်မောင်...ငါ့တူ... နိုးလာပြီလား ။ လာ...ထမင်းစား ။"

ကျွန်တော် အိပ်မှုန်စုံဖွားဖြင့် အခန်းထဲကထွက်လာတော့ တဲရှေ့ကွပ်ပျစ်တွင် ဒေါ်ကြီးရွှေဥက နံနက်စာထမင်းကြော်ဖြင့် ဆီးကြိုနေသည် ။

" ဟာ...ဒေါ်ကြီး ဘယ်အချိန်က ပြန်ရောက်သလဲ ။ ဒေါ်ကြီးအစ်မကော သက်သာရဲ့ လား ။"

ကျွန်တော့်အမေးကို အဒေါ်ကြီးက ခေါင်းညိတ်အဖြေပေးရင်း...

" ဒါနဲ့ မောင်မြင့်မူတို့လင်မယားကော ။ ဒေါ်ကြီး ရောက်တော့ သူတို့ကို မတွေ့ မိဘူး ။ ဘယ်သွားကြသလဲ ။"

" ညကတည်းက ပွဲသွားကြည့်ကြတာ ခုထိ ပြန်မရောက်သေးဘူးထင်ပါတယ်...ဒေါ်ကြီးရယ် ။"

ဗိုက်ဆာဆာဖြင့် ထမင်းကြော်ကို ဝင်တွယ်ရင်း ခပ်ပေါ့ပေါ့ဖြေလိုက်သော-ကျွန်တော့်စကားကြောင့် အဒေါ်ကြီး မျက်လုံးပြူး

သွားသည် ။

“ ဘာရယ် ! ဒါ…ဒါဆို ညက ငါ့တူ တစ်ယောက်တည်းပေါ့ ။”

“ ဟုတ်ကဲ့…ဒေါ်ကြီး ။ ဘာဖြစ်လို့လဲ ? ”

“ ဟို…ဘာမှမဟုတ်ပါဘူး ။ ငါ့တူ ထူးထူးခြားခြား ဘာတွေ ကြုံသေးသလဲ ? ”

အဒေါ်ကြီးက အထိတ်တလန့် မေးလိုက်သဖြင့် ကျွန်တော် ဘာဖြေလို့ ဖြေရမှန်းမသိ ဖြစ်သွားမိသည် ။

“ ဟို…ဘာမှတော့ ထူးထူးခြားခြား မကြုံပါဘူး ။ ဒါပေမဲ့ ကြွက်တွေတော့ အတော်သောင်းကျန်းတယ် ။ ဆူညံနေတာပဲ ။”

“ ကြွက်တွေ…ဟုတ်လား ။ ငါ့တူက ကြွက်တွေကို မြင်လိုက်လို့လား ။”

“ ဟာ…ဒေါ်ကြီးကလည်း ။ ကြွက်တွေက ကျွန်တော် လာတဲ့အထိ ဘယ်စောင့်မလဲ ။ အကုန် ထွက်ပြေးကုန်တာပေါ့ ။

ဒင်းတို့ ဝင်တိုက်ခဲ့လို့ နန္ဒင်းပုလင်း မှောက်သွားတယ် ထင်ရဲ့ ။ နန္ဒင်းနံ့ကို နံနေတာပဲ ။”

“ နန္ဒင်းနံ့…ဩော်…နန္ဒင်းနံ့ ။”

အဒေါ်ကြီးက ထိုစကားကိုသာ ရေရွတ်လိုက်ပြီး ဘာမေးခွန်းမှ ထပ်မမေးတော့ချေ ။ ကျွန်တော့်စိတ်ထဲတွင်တော့ ဒေါ်ကြီး ရဲ့ဘိုးဘွားလက်ထက်က နန္ဒင်းမို့လို့များ နှမြောနေသလား မသိ-ဟု ခပ်ချာချာတွေးလိုက်မိသေး ။

ထမင်းစားသောက်ပြီး ပျားပုံးတွေ စစ်ဆေးရန်အတွက် ကျွန်တော် နှုတ်ဆက်ထွက်ခွာလာချိန်အထိ ထိုကိစ္စနှင့် ပတ်သက်ပြီး အဒေါ်ကြီး ထပ်မမေးတော့ ။ ပြန်သည့်နေ့ထိတိုင် သူ့တဲတွင် တည်းခိုရန်သာ အတန်တန်မှာလျက်ရှိသည် ။

*

“ ဟဲ့…နင်တို့လင်မယား လုပ်ပုံ ကောင်းသလား ။ မောင်ခင်မောင်ခများ မကြောက်တတ်သူမို့လို့သာ ။ နို့မို့ဆို ဘယ့်နှယ့်နေမလဲမသိဘူး ။ နင်တို့ ဘာလို့ တစ်ယောက်တည်း ထားခဲ့ရတာ လဲ ။”

ကျွန်တော် တဲကို ပြန်လာချိန်မှာ အဒေါ်ကြီးက ကိုမြင့်မူတို့လင်မယားကို ဆူပူနေ၏ ။ သူများသားအမိတွေကြား ဝင်မပါချင် ၍ ကျွန်တော် အိမ်ထဲသို့ မဝင်သေးဘဲ အိပ်ပြင်၌ အသာရပ်နေလိုက်သည် ။

ဘာပဲပြောပြော…ကိုမြင့်မူတို့ ကျွန်တော့်ကြောင့် အဆူခံနေရသည့်အတွက် စိတ်တော့ မကောင်း ။ ကျွန်တော် တစ်ယောက်တည်း နေခဲ့ရပေမဲ့ ဘာမှ ထိခိုက်သည်လည်း မဟုတ်…။

“ အမေကလဲ…အမေ့ချွေးမအကြောင်းလည်း သိရဲ့ သားနဲ့ ။ သူက အမေ မရှိရင် အငြိမ်နေတာ မဟုတ်ဘူး ။”

“ ဟေ ! မြထွေး…နင် နင့်ယောကျ်ားကို ဘာတွေ ပူဆာနေလို့လဲ ။”

ကိုမြင့်မူ၏ စကားကြောင့် ဒေါ်ကြီးရွှေဥက သူ့သားနံဘေးတွင် ကျုံ့ ကျုံ့လေး ထိုင်နေသောချွေးမဖြစ်သူအား လှမ်းငေါက် ရင်း မေးလိုက်သည် ။

“ ဟာ…မဟုတ်ရပါဘူး အမေရယ် ။ သူပြောတဲ့ အမေ့ချွေးမဆိုတာ အစ်မရီဒွေးကို ပြောတာလေ ။”

မမြထွေးက အစ်မရီဒွေးဟူသောအမည်ကို ရေရွတ်လိုက်စဉ် မျက်လုံးတွေက ဟိုဟိုသည်သည် ဝေ့ဝဲကြည့်လိုက်သေး သည် ။ ဘာသဘောလဲဆိုတာ ကျွန်တော် နားမလည် ။

“ သြော်...နင်တို့က နင်တို့မရီးကို ကြောက်လို့ပေါ့လေ ။ နင်တို့ကိုယ်နင်တို့ကျတော့ သနားပြီး ညော့်သည်လေးကိုတော့ ပစ်ထားခဲ့တယ်ပေါ့ ။ သူ့ခမျာ သရဲချောက်နေမှန်းသိလျက်သားနဲ့ ငါ စိတ်မကောင်းဖြစ်မှာစိုးလို့မပြောရာဘူး ။ ကြွက်တွေ သောင်းကျန်းတာပါ-တဲ့လေ ။”

- ဗုဒ္ဓေါ...သရဲချောက်တာဆိုပါလား...ကြွက်တွေ သောင်းကျန်းတာ မဟုတ်ဘူးလား ။

ကြားလိုက်ရသည့်စကားကြောင့် ကျွန်တော် ကြက်သီးမွေးညင်းများ ထောင်ထသွားရပြီ ။ တံတွေးတစ်ချက်ကို ဂလုခနဲမြိုချ ရင်း သူတို့ ဘာဆက်ပြောမလဲ နားစွင့်နေလိုက်သည် ။

“ မရီ့ဌေးကို မကြောက်ကြပါနဲ့ဟယ် ။ ငါ့ချွေးမကြီးက သနားစရာပါ ။ သူ့ခမျာ သားသမီးသံယောဇဉ်ကြောင့် ဒီတဲက မခွာနိုင်ဖြစ်နေတာ ။ ငါ့ကိုလည်း ကြောက်ရှာပါတယ် ။ ငါရှိရင် ဘယ်တုန်းက အရိပ်အယောင် ပြဖူးလို့လဲ ။ ဟဲ့... မြင့်မူ...နင် ဟိုသူငယ်လေးကို အတင်းသွားမေးမနေနဲ့ဦး ။ သူ့ခမျာ နင့်ကြောင့် သရဲချောက်ခံရတာ ။ နင် မေးလားမြန်းလား လုပ်မနေနဲ့...ကြားလား ။”

“ ဟုတ်...ဟုတ်ကဲ့ပါ အမေရဲ့ ။”

သူတို့ဆွေးနွေးပွဲ ပြီးဆုံးသွားသည်အထိ ကျွန်တော် အတော်ကြာကြာစောင့်နေပြီးမှ ဘာမျှ မကြားသည့်ပုံစံဖြင့် ပေ့ါပေ့ါ ပါးပါး ဝင်သွားလိုက်သည် ။ ကျွန်တော် ဝင်လာချိန်မှာတော့ ဒေါ်ကြီးနှင့်မမြထွေးက မီးဖိုချောင်ထဲ ဝင်သွားကြပြီ ။

“ ငါ့ညီ...အမေ ပြောလို့ ငါ သိပြီးသွားပြီ ။ မင်းက အတော် သတ္တိရှိတာပဲ ။ ငါတောင် ငါ့မရီးဖြစ်လျက်သားနဲ့ မနေရဲဘူး

ကွ ။ မင်းကတော့ သတ္တိခဲပဲဟေ့ ။”

“ ဪ…အစ်ကိုရယ်…သရဲဆိုတာ အပါယ်ဘုံသားတစ်မျိုးပါ ။ ကျွန်တော်တို့ထက် နိမ့်ကျပါတယ် ။ ဒါ့ကြောင့် ကြောက်စရာ မလိုပါဘူး ။ ဒါနဲ့ အစ်ကို့မရီးက ဘယ်လိုဆုံးသွားတာလဲ ။”

ကိုမြင့်မူက အတိတ်ကို ပြန်လည်တွေးတောမိကာ စိတ်မကောင်းဟန်ဖြင့်…

“ တောရွာတို့ ထုံးစံအတိုင်း ကလေးမဖွားနိုင်လို့ပေါ့ ။ ဒီတဲမှာပဲ ဆုံးသွားတာ ။ မီးနေသည်ဆိုတော့ နနွင်းအမြဲလိမ်းရတယ်လေ ။ ဒါ့ကြောင့် အိုးသံ ခွက်သံ ပေးတယ် ။ နနွင်းနံ့ ပေးတယ် ။ ဒီလောက်ပဲ ချောက်ပါတယ် ။ ဒါပေမဲ့ တစ်ခါတလေတော့ သူ ရှိနေတာကို ပြတတ်တယ် ။ အစ်ကိုတောင် တစ်ခါမြင်ဖူးတယ်ကွ ။ ကြောက်စရာကြီး ။”

ကိုမြင့်မူက ကြက်သီးထသွားသည့်အမူအရာဖြင့် ပုခုံးနှစ်ဖက်ကို တစ်ချက်တွန့်လိုက်သည် ။

“ အစ်ကို…သူက အမြဲချောက်လှန့်လား ။”

“ အမေ ရှိရင်တော့ မချောက်ဘူးကွ ။ သူက အမေ့ကိုကြောက်ရတယ်လေ ။ ခုထိလည်း ကြောက်တုန်းပဲထင်ပါရဲ့ ။”

“ ဪ…သနားစရာပဲနော် ။”

ကျွန်တော်က စုတ်တသပ်သပ်လုပ်ပြကာ တစ်ခြားအကြောင်းအရာတစ်ခုကို စကားလမ်းကြောင်းလွှဲလိုက်သည် ။

ထို့နောက် ကျွန်တော့်ပျားမွေးမြူရေးလုပ်ငန်းအကြောင်း ဗဟုသုတရအောင်ပြောပြ ၊ ကိုမြင့်မူကလည်း စိုက်ပျိုး ရေးအကြောင်းများ ရှင်းပြနှင့် စကားလက်ဆုံကျခဲ့ကြသည် ။ သည်လိုနှင့် မိုးချုပ်သွားခဲ့ရာ ထိုနေ့ညက ကျွန်တော်မှာ ရင် တထိတ်ထိတ်…။ ဒေါ်ကြီး ရှိရင် အမှန်ပဲ မချောက်လှန့်ဘူးလား…

ချောက်ရင် ဘယ့်နှယ့်လုပ်ပ့ါမလဲ…စသဖြင့် သံသယများ ပွားနေမိသည် ။

သို့သော် ထိုညက အမှန်ပင် ဘာသံမှမကြားရတော့ ။ နန္ဒင်းနံ့လည်း မရချေ ။ နောက်ညများတွင်လည်း သည်အတိုင်းပဲဖြစ်၍ ကျွန်တော် ပြန်သည့်နေ့အထိ အေးအေးချမ်းချမ်း အိပ်စက်ခဲ့ရသည် ။ မည်သို့ဖြစ်စေ… ပထမဦးဆုံးည က ကြုံတွေ့ ခဲ့ရသော-အဖြစ်အပျက်ကို ကျွန်တော် ယခုထိ မေ့မရသေးပါ ။

သို့ကြောင့် ညနေခင်း မီးပျက်ချိန်ဆိုလျှင် တစ္ဆေချောက်ခံရသော်လည်း ချောက်မှန်း မသိသဖြင့် သတ္တိရှိခဲ့သော ကျွန်တော့်အကြောင်းကို ကျွန်တော့်သမီးများအား ဟာသဇာတ်လမ်းတစ်ပုဒ်ပမာ မကြာခဏ ပြောပြဖြစ်ပါတော့သည် ။

**( ၂၀၁၁ခုနှစ် - ဩဂုတ်လထုတ် - ဂမ ္ဘီရလောကမဂ္ဂဇင်း )**

**စေတနာရှေ့ထားလျက်…**

**ဂါဦးနွန်းကို**

*

# အတိတ်ဘဝကို မေ့မရပါ...

ဩော်...လူတွေ...လူတွေ လုပ်ရက်လိုက်ကြတာဗျာ ။ ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ...

အသက်(၁၆)နှစ် ရောက်တဲ့အထိ မိဘ စိတ်ဆင်းရဲအောင် ဘာတစ်ခုမှ မလုပ်ခဲ့ဖူးပါဘူး ။

မိဘက ဘော်ဒါနေ-ဆိုလို့ တောရွာလေးကနေ ပုပ္ပါးအထိ ဘော်ဒါလာနေခဲ့သူပါ ။ မိဘတွေ မသိအောင် လုပ်ဖူး တာဆိုလို့ ရည်းစားလေး ထားခဲ့မိရုံတင်...။

ဒီကိစ္စလေးအတွက်နဲ့ ကျွန်တော့်ဘဝတစ်ခုလုံး အလဲအလှယ်ပြုလိုက်ရတာ တန်သလားဗျာ ။ ကျွန်တော် ကြိုး ကြိုးစားစားနဲ့ ကျက်မှတ်ဖြေကြားထားတဲ့ ဆယ်တန်းစာမေးပွဲရလဒ်(result)၊ ကျွန်တော် ရည်မှန်းထားခဲ့တဲ့ နည်းပညာ တက္ကသိုလ်၊ ကျွန်တော် ကျေးဇူးဆပ်ဖို့ ဆုံးဖြတ်ထားတဲ့ မေမေနဲ့ဖေဖေ......။ အခုတော့ အားလုံးနဲ့ ဝေးခဲ့ရပြီ ။

*

“ အန်တီ ခင်မြ...အန်တီ ခင်မြ...။”

ခေါ်သံကြား၍ ဒေါ်ခင်မြ အိပ်ရာမှလူးလဲထကာ အိမ်အပြင်သို့ ချောင်းကြည့်လိုက်သည် ။

“ ဟင် ! မောင်စိုးကျော်…မင်း မပြန်သေးဘူးလား ။”

အိမ်အပြင်ဘက်တွင် မောင်စိုးကျော်ကို တွေ့လိုက်ရ၏ ။ မောင်စိုးကျော်က ညှိုးငယ်စွာရပ်နေသည် ။

‘ အန်တီခင်မြရေ…ကျွန်တော် အပြင် ခဏသွားလိုက်ဦးမယ် ’

ဟုပြောပြီး ထွက်သွားစဉ်ကအတိုင်း ရှပ်အင်္ကျီအပြာ ၊ ဂျင်းပန်အရောင်ခပ်မွဲမွဲကို ဝတ်ဆင်ထားပြီး မျက်နှာကိုမူ အောက်သို့ ငုံ့ထားသည် ။ စောစောက အော်ခေါ်နေသူမှာ ‘သူ’သာဖြစ်မည် ။ သို့သော်…ယခုကျ သူ့ဆီက စကားသံ ထွက်မလာ၍ ဒေါ်ခင်မြ နောက်တစ်ကြိမ် ထပ်မေးလိုက်ရ၏ ။

“ မောင်စိုးကျော်…မင်းပြန်သွားပြီဆို ။ မင့်သူငယ်ချင်းတွေ ပြောတာ ။ မင်းသူငယ်ချင်းနှစ်ယောက်ကတော့ မနေ့ကပဲ ပြန်သွားကြတယ် ။ မင်းက ဘယ့်နှယ့်လုပ်ပြီး မပြန်ရသေးတာတုံး ။”

ဒေါ်ခင်မြစကားအဆုံးမှာတော့ မောင်စိုးကျော်တစ်ယောက် မျက်နှာကို လက်နှစ်ဖက်ဖြင့်အုပ်ကာ ရှိုက်ကြီးတငင် ငိုကြွေး လေသည် ။

-ဘုရားရေ…ဘာများဖြစ်လာလို့ပါလိမ့် …

ဒေါ်ခင်မြ စိတ်ပူသွားရပြီ ။ သားသမီး မရှိသေးသော-ဒေါ်ခင်မြအဖို့တော့ ဤကလေးတွေက မိမိ၏ ကလေးများပင် ။

“ အဲ့ဒီကောင်တွေပေါ့ ။ ကျွန်တော့်ကို မိုးနဲ့ပတ်သက်ပြီး မကျေမနပ်ဖြစ်နေကြတာ ။ မိုးက ကျွန်တော့်ကိုပဲ ပြန်ချစ်တာ အန်တီခင်မြတို့လည်း အသိသားပဲ ။ ဒါကို သူတို့က သူငယ်ချင်းအချင်းချင်း အညှိုးအတေးထားကြတယ် ။ သူတို့ဒီလိုကောက်ကျစ်လိမ့်မယ်လို့ ကျွန်တော် လုံးဝမထင်ခဲ့မိဘူး ။ ဒါပေမဲ့…ဒါပေမဲ့

ကျွန်တော် သိလိုက်ရချိန်မှာတော့ အရမ်းနောက်ကျသွားပြီ ။"

မောင်စိုးကျော်က မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ထားဆဲ ၊ ရှိုက်ကြီးတငင်ငိုနေဆဲမှာပဲ ထိုစကားကို ဆိုလိုက်ခြင်းဖြစ် ၏ ။ ဒေါ်ခင်မြ သက်ပြင်းရှိုက်လိုက်မိပြီ ။

'ချစ်ချစ်မိုး'ဆိုသော-ကလေးမနှင့် မောင်စိုးကျော်တို့ လူငယ်သဘာဝ ချစ်ကြိုက်နေကြသည်ကို အဆောင်ပိုင်ရှင်-ဒေါ်ခင်မြ သိနှင့်ပြီးသား ။ သို့သော်… သူတို့၏ စာကြိုးစားမှု မလျော့သွားသောကြောင့်လည်းကောင်း ၊ အနေအထိုင်က လည်း အပြစ်ပြောစရာမရှိသောကြောင့်လည်းကောင်း ဒေါ်ခင်မြ သိနေသော်လည်း တားမြစ်ခြင်း မရှိခဲ့မိ ။

သည်အရွယ်က စိတ်ကစားသည့်အရွယ် ။ ချစ်သူရည်းစား ထားချင်ကြစမြဲ ။ ဤသို့ သိမ်သိမ်မွေ့မွေ့နေထိုင် သော-ချစ်သူစုံတွဲကို ဒေါ်ခင်မြ ကန့်ကွက်စရာမရှိ ။ နောက်ပြီး နှစ်ယောက်လုံးကလည်း ညိုညိုချောချောနှင့် လိုက်ဖက် သည်ပဲကိုး ။

သို့သော်…ယခု မောင်စိုးကျော်၏ သူငယ်ချင်းများက ထိုကိစ္စအပေါ် မကျေမနပ်ဖြစ်ကာ သူတို့တတွေ ရန်ဖြစ်ခဲ့ ကြပုံရသည် ။

" ဘာဖြစ်လာလို့လဲ မောင်စိုးကျော်ရယ် ။ မင်းကလည်း…အလန့်တကြား ။"

" အီးဟီးဟီး…အန်တီခင်မြရယ် ။ အရမ်းဆိုးလွန်းလို့ပါ ။ ကျွန်တော်ကိုက ကံဆိုးတာပါ ။ အဟင့်…"

" ဩော်…ငိုမနေစမ်းပါနဲ့ကွယ် ။ ယောက်ျားမဟုတ်တဲ့အတိုင်းပဲ ။ ပြောပါ ။ သူတို့က မင်းကို ဘာတွေ ဒုက္ခပေးလို့လဲ ။

အန်တီကို ပြောပြလေ ။ အန်တီ ကူညီမှာပေါ့ ။"

“ တကယ်လား…အန်တီခင်မြ ။ ဒါ…ဒါဆို ကျွန်…ကျွန်တော့်ကို ကူညီပါနော် ။ သူတို့ကို ဖြစ်အောင် ဖမ်းပေးပါ ။ မိုးလွင်ရော ၊ နိုင်မင်းအောင်ရော… သူတို့…သူတို့ နှစ်ယောက်လုံးပဲ ။ သူတို့နှစ်ယောက် ပေါင်းပြီး ကျွန်တော့်ကို ပုပ္ပါးတောင်ကလပ်ပေါ်ကနေ တွန်းချခဲ့ကြတာ ။ ပြီးမှ ကျွန်တော်ပြန်သွားပြီလို့ ဒီမှာ သတင်းလွှင့်ထားတော့ ကျွန်တော် သေတာကိုဘယ်သူမှ မသိကြဘူး ။ ကျွန်တော် မတရားသေခဲ့ရတာ ပါ အန်တီခင်မြရယ် ။”

မောင်စိုးကျော်၏ ပြောစကားများကြောင့် ဒေါ်ခင်မြမှာ ပါးစပ်အဟောင်းသားဖြင့် ဘာပြန်ပြော၍ ပြောရမှန်း မသိ ။

ဒီကောင်လေး လာနောက်နေတာများလားဟု တွေးရအောင်ကလည်း မောင်စိုးကျော်၏ ပုံစံက မြင်နေကျထက် ပို၍ ညှိုးနွမ်းသိမ်ငယ်နေသယောင် ။ ပုံမှန်အနေအထား၊ ပုံမှန်အခြေအနေ မဟုတ် ။ ဒေါ်ခင်မြမှာ ရင်တွေ တလှပ်လှပ်တုန် လာရပြီ ။

“ မောင်…မောင်စိုးကျော်…မင်း…မင်း ဘာတွေပြောနေတာလဲ ။ မ… မဖြစ်နိုင်တာကွယ် ။ ဘယ်လိုလုပ်…ဘယ်လိုလုပ်ပြီး…”

“ တကယ်ပါ အန်တီခင်မြရယ် ။ ပုပ္ပါးတောင်မကြီးနဲ့ မျက်နှာချင်းဆိုင်ဘက်က ကျောက်စွန်းတွေကြားမှာ ကျွန်တော့်ရဲ့ အလောင်း ရှိနေပါတယ် ။ ကူညီပါနော် ။ အန်တီခင်မြရယ်…ကျွန်တော် မသေခင်က အရမ်းပဲ နာကျင်ခဲ့ရတယ် ။ ဒီကောင်တွေ ကျွန်တော့်ကို အုတ်ခုံပေါ် တက်ထိုင်ခိုင်းပြီး အလစ်မှာ တွန်းချလိုက်တာပေါ့ ။ မိုက်ရိုင်းချက်ဗျာ ။ သူငယ်ချင်းအချင်းချင်း ရည်းစားလုချင်တာနဲ့ ဒီလိုလုပ်ရတယ်လို့ ။ အခုတော့ ကျွန်တော် ဘဝဆုံးရပြီ ။ သူတို့ကို ဖမ်းပေးပါနော် ။ တောင်ပေါ်က တွန်းချချချင်း သစ်ကိုင်းတွေနဲ့ရိုက်မိလို့ ကျွန်တော့်မျက်နှာတစ်ခုလုံး စုတ်ပြတ်သတ်သွားတာပဲ ။ ဒဏ်ရာဗလပွနဲ့ နာလိုက်တာဗျာ ။ ဒီမှာ …… ကြည့်ပါဦး ။”

မောင်စိုးကျော်က ခေါင်းငုံ့ကာ ငိုယိုနေရာမှ ခေါင်းကို ဆတ်ခနဲမော့လိုက်ရာ လရောင်အောက်တွင် သူ့မျက်နှာကို ဒေါ်ခင်မြ အထင်တရှားမြင်တွေ့လိုက်ရလေပြီ ။

“ အမလေး !”

*

ဒေါ်ခင်မြ၏ အော်သံကြောင့် နံဘေးတွင် အိပ်နေသော-ဦးမြင့်သူ နိုးသွားသည် ။ အမလေး-အော်ရင်း လူးလိမ့်နေ သော ဇနီးသည်၏ ပုခုံးကို ခပ်ဆတ်ဆတ်ပုတ်ကာ လှုပ်နှိုးလိုက်သည် ။

“ ဟဲ့…မယ်ခင်…”

“ ဟင် ! အမလေး…ဟင်း…မောင်…မောင်စိုးကျော်ကော…”

“ အယ်…နင် မေ့နေပြီလား ။ မောင်စိုးကျော်တို့ ပြန်သွားကြပြီလေ ။ နင့်မှာလည်း သားသမီး မရှိတိုင်း ဒီကလေးတွေကိုပဲ စိတ်ပူပန်နေတော့တာပဲ ။”

“ မဟုတ်ဘူး…ကိုမြင့်သူရဲ့ ။ ကျွန်မက အကြောင်းမဲ့မေးနေတာ မဟုတ်ဘူး ။ အိပ်မက်မက်လို့ရှင့် ။”

ထိုသို့ နိဒါန်းချီကာ ဒေါ်ခင်မြသည် စောစောက ထင်ထင်ရှားရှားမြင်မက်ခဲ့သော-အိပ်မက်အကြောင်းကို ကိုမြင့်သူအား ပြောပြလိုက်သည် ။ မျက်လုံးထဲတွင်တော့ ကြောက်စရာလည်း ကောင်း၊ သနားစရာလည်း ကောင်းသော မောင်စိုးကျော် ၏ မျက်နှာကို မြင်ယောင်နေမိဆဲ ။

“ အေးဟ ။ နင့်အိပ်မက်က အဆန်းသား ။ နေရာတွေဘာတွေ

အတိအကျပါမှတော့ နက်ဖြန် နင် ကျေနပ်အောင် ငါတို့သွားရှာပေးပ့ါမယ် ။ ကဲ… အခုတော့ အိပ်ကြတာပေ့ါ ။ (၂)နာရီပဲ ရှိသေးတယ် ။”

ဦးမြင့်သူက လူရိုးလူအေးကြီးပီပီ ထွေထွေထူးထူးတွေးတောကြံဆမနေ၍ အိပ်ရာပေါ်လှဲချပြီး ခဏအကြာမှာ တရှူးရှူး အိပ်ပျော်သွားခဲ့ပေမဲ့ ဒေါ်ခင်မြခများတော့ အိပ်မပျော်နိုင်ပေ ။ မျက်နှာတစ်ခုလုံး ခြစ်ရာပွန်းရာတို့ဖြင့် သွေးချင်းချင်းနီနေ သော-မောင်စိုးကျော်၏ မျက်နှာကို ထပ်ခါ,ထပ်ခါမြင်ယောင်နေမိသည် ။

အင်း !

ပိုသေချာသွားအောင် နက်ဖြန် သူ့အိမ်ကို ဖုန်းဆက်ကြည့်ရမည်ဟု ဆုံးဖြတ်လိုက်သည် ။

*

“ ဘယ်လို…! ဒါ…ဒါဆို ပြန်မရောက်သေးဘူးပေ့ါ ။ ဟုတ်လား ။”

တစ်ဖက်မှ သားငယ်အတွက် စိတ်ပူပန်နေသော-မိဘများ၏ အသံကြောင့် ဒေါ်ခင်မြ၏ ရင်ထဲ ပိုလို့ပင် သောကပွားသွားမိသည် ။ မိမိအဆောင်တွင် နေထိုင်သွားသော-သူငယ်လေးမို့ မိမိ၏ တာဝန်မကင်း ။

နောက်ပြီး…လိမ္မာယဉ်ကျေးသော ၊ အလွန်အလိုက်သိသော-မောင်စိုးကျော်ကို ဒေါ်ခင်မြကလည်း သားအရင်း တစ်ယောက်လို ချစ်မိနေပြီ ။ အကယ်၍ အိပ်မက်ထဲကလိုသာဖြစ်ခဲ့လျှင် သူ့မိဘတွေ ရင်ကျိုးကြလိမ့်မည် ။

- မဟုတ်ပါစေနဲ့ ။ အိပ်မက်ထဲကလို မဖြစ်ဘဲ မောင်စိုးကျော်တစ်ယောက် သူငယ်ချင်းများနှင့် လျှောက်လည်နေတာပဲ ဖြစ်ပါစေ…။

သို့သော် ဒေါ်ခင်မြ ဆုတောင်း မပြည့်ခဲ့ပါ ။ အမှန်ပင် မောင်စိုးကျော်၏ အလောင်းကို ကျောက်စွန်းများကြားထဲက သစ်ကိုင်းတစ်ကိုင်းတွင် တွေ့ရှိခဲ့ရ၍ ဒေါ်ခင်မြ၏ အိပ်မက်အတိုင်း မောင်စိုးကျော်ကို ပုပ္ပါးတောင်ပေါ်သို့ ခေါ်ဆောင်သွားသူ မိုးလွင်နှင့်နိုင်မင်းအောင်တို့ကို စစ်ဆေးရာ အဖြစ်မှန်အားလုံး ပေါ်ပေါက်ခဲ့လေသည် ။

မောင်စိုးကျော်ကို ကြံစည်သတ်ဖြတ်မှုဖြင့် ပြစ်ဒဏ်အသီးသီးကျခံရသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နှစ်အနည်းငယ်ဖြင့် လွတ်မြောက်သွားကြသည် ။

*

" အန်တီ ခင်မြ...အန်တီခင်မြ..."

" ဟယ်...မောင်စိုးကျော်...ဘာကိစ္စလဲ ။ သူတို့တွေ ထောင်ကျသွားခဲ့ပြီပဲ ။ မင်း ကျေနပ်ပါတော့ကွယ် ။ ကောင်းရာမွန်ရာကို သွားပါတော့လား ။"

" အန်တီရယ်...ကျွန်တော့်ကတော့ သူတို့သတ်လို့ သေခဲ့ရတယ် ။ သတ်တဲ့သူတို့တတွေကျ ခဏလေးပဲ ထောင်ကျပြီး ပျော်ပါးနေကြရပြီ ။ လောကကြီးက မတရားဘူးဗျာ ။ တကယ်...တကယ် ။"

မောင်စိုးကျော်က လေးလေးတွဲတွဲအသံကြီးဖြင့် မကျေမချမ်းဆိုသည် ။ သို့သော်...သူ့မျက်နှာ၌ အမုန်းများ ၊ အာဃာတ တရားများ ပြည့်နှက်မနေ၍ အပေါ်ယံသက်သက်သာဖြစ်မည်ဟု ဒေါ်ခင်မြ တွေးမိသည် ။ တော်ပါသေး၏ ။

မောင်စိုးကျော်ကို သေချာကြည့်မှ အဝတ်အစား- တောက်တောက်ပြောင်ပြောင်ဖြင့် သားနားလျက်ရှိပြီး မျက်နှာ တွင်လည်း

ဒဏ်ရာဒဏ်ချက်တို့ ကင်းကာ ကြည်လင်နေသည် ။

“ မောင်စိုးကျော်...မင်းနေစရာ ရှိရဲ့လား ။ အခု...ဘယ်လိုနေလဲ ။”

“ နေစရာတော့ ရှိပါတယ် ။ ဒါပေမဲ့...ကျွန်တော် ဒီမှာ မနေချင်ဘူးဗျာ ။”

“ ဒါဆို...ဘယ်မှာနေချင်တာလဲ ။ အန်တီတို့နဲ့ အတူလာနေမလား ။”

ဒေါ်ခင်မြက သွယ်ဝိုက်မနေဘဲ တည့်တိုးမေးလိုက်သည် ။ နဂိုကတည်းက သားသမီးရှူးနေသူမို့ မောင်စိုးကျော်သာ လာနေ မည်ဆိုပါက ခေါ်ထားလိုက်ရုံသာ ။

ဒေါ်ခင်မြ၏ စကားကြောင့် မောင်စိုးကျော်၏ မျက်ဝန်းများ အရောင်လက်သွားသည် ။ မျက်နှာက ပြုံးမယောင်ဖြစ် သွားပြီးခါမှ ညှိုးကျသွားပြန်သည် ။ ဘာဖြစ်လို့ပါလိမ့်...။ လာခွင့်မရှိလို့များလား ။ မောင်စိုးကျော်၏ မျက်နှာကို ငေးကြည့် ရင်း ဒေါ်ခင်မြ အတွေးသံသရာရှည်နေမိပြီ ။

“ ဟို...အန်တီခင်မြ...ကျွန်တော်လေ အန်တီခင်မြနဲ့ လာနေချင်ပါတယ် ။ ဒါပေမဲ့ ဒီဘဝမှာ ကျွန်တော့်အတွက်သံယောဇဉ်တွယ်စရာက ရှိနေပြီ ။”

“ ဟင်...သံယောဇဉ်တွယ်စရာ ဟုတ်လား ။ ဘာလဲ...။ မောင်စိုးကျော်က ဒီဘဝမှာ အိမ်ထောင်ရက်သားကျနေလို့လား ။”

ဒေါ်ခင်မြကလည်း တွေးမိတွေးရာ ။ ပေတဝတ္ထုများထဲ၌ ကြားဖူးနားဝရှိသဖြင့် စိတ်ထင်သည့်အတိုင်း မေးချလိုက်သည် ။ ဒေါ်ခင်မြ၏ အမေးစကားကြောင့် မောင်စိုးကျော်က အူလှိုက်သည်းလှိုက်ထရယ်ပြီး...

“ အဟား ဟား...မဟုတ်ရပါဘူး အန်တီခင်မြရာ ။ အခု... ကျွန်တော်နဲ့အတူနေတဲ့ သူငယ်ချင်းတစ်ယောက် ရှိတယ် ။ တကယ်လို့... အန်တီတို့နဲ့လာနေရင် ဒီဘဝမှာ ခင်မင်နေတဲ့သူငယ်ချင်းခများ တစ်ယောက်တည်း ကျန်ခဲ့ရလိမ့်မယ် ။ အဲဒါ...သနားလို့ ။”

မောင်စိုးကျော်၏ စကားကြောင့် ဒေါ်ခင်မြ သနားသွားသည် ။ ဩော်... သူငယ်ချင်း အတော်မင်သော သူငယ်လေး ။

“ ကဲ ...ဒီလိုဆိုလည်း မင်းသူငယ်ချင်းပါ ခေါ်လာခဲ့ ။ အန်တီခင်မြ ကျွေးနိုင်ပါတယ်ကွဲ့ ။”

“ တကယ်...ဝမ်းသာလိုက်တာဗျာ ။ ကျေးဇူးတင်လိုက်တာ... အန်တီခင်မြရယ် ။”

မောင်စိုးကျော်က ဒေါ်ခင်မြဆီသို့ ပြေးဝင်လာကာ ဒေါ်ခင်မြ၏ ခါးကို ဖက်လိုက်သည် ။ ဒေါ်ခင်မြတစ်ကိုယ်လုံး အေးခနဲ ခံစားလိုက်ရပြီး အိပ်မက်မှ လန့်နိုးသွားလေ၏ ။

*

“ ကဲ...အဲ့ဒါပဲ...သမီးရေ ။ ခုနက ဆိုင်ကယ်စီးပြီး ထမင်းထုပ်တွေနဲ့ ထွက်သွားတဲ့တစ်ယောက်က မောင်စိုးကျော် ဝင်စားတာပဲ ။ ဒီသမီးက သူ့နဲ့လိုက်လာတဲ့ သူ့သူငယ်ချင်း ။”

အသက်(၆၈)ခန့် ရှိနေပြီဖြစ်သော-ဒေါ်ခင်မြက အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်းပြောပြ၍ ကျွန်မလည်း ရှင်းနွဲ့ဝင်း ဆိုသော-မိန်းကလေးကို ကြည့်လိုက်မိသည် ။ အသက်က အစိတ်(၂၅နှစ်)ခန့်သာ ရှိဦးမည် ။ စောစောက ဆိုင်ကယ် တစ်စီးနှင့် သွက်သွက်လက်လက်ထွက်ခွာသွားသော-ရှင်းလဲ့ဝင်းနှင့် မျက်နှာပေါက်ချင်း အတော်ဆင်တူပေမဲ့ ပုံစံကတော့ မတူပေ ။

မောင်စိုးကျော် ဝင်စားသော-ရှင်းလဲ့ဝင်းက ကျားကျားလျားလျားနှင့် ယောက်ျားဆန်ပြီး ရှင်းနွဲ့ဝင်းကတော့ သိမ်သိမ်မွေ့မွေ့နှင့် မိန်းမဆန်သည် ။

“ အဒေါ်…အစ်မရှင်းလဲ့ဝင်းကရော ဟိုဘဝကအကြောင်းတွေ မှတ်မိသေးလား ။”

“ အေး…မှတ်မိသေးတာပေါ့ ။ မကြာခဏ သူ့အရင်ဘဝက မိဘတွေဆီ သွားလည်တယ် ။ နောက်ပြီး သူ့ကို သတ်ခဲ့တဲ့- သူငယ်ချင်းတွေကို တွေ့တော့ စိတ်တွေ အရမ်းတိုနေသေးတယ် ။ အဒေါ်မှာ သူ့ကို မနည်း ချော့မော့ပြောရတယ် ။ အသက်(၂၀)နောက်ပိုင်းရောက်မှ အရင်ဘဝကအကြောင်းတွေ သိပ်မပြောတော့တာ ။”

“ ဒါနဲ့…အစ်မရှင်းနွဲ့ဝင်းကရော အတိတ်ဘဝနဲ့ပတ်သက်ပြီး ဘာတွေ ပြောသေးလဲ ။”

“ သူကတော့ အရင်ဘဝကို မမှတ်မိဘူးထင်တယ် ။ ဘာမှ မပြောဘူး ။ ရှင်းလဲ့ဝင်းကတော့ ခုချိန်ထိ သူ့အစ်မရှင်းနွဲ့ဝင်း ဆူတိုင်း အစ်မနော်…နင့်ကို ငါခေါ်လာလို့ ရောက်လာတာ ။ လာ မဆူနဲ့-လို့ ပြန်ပြောတတ်တယ် ။”

“ သြော်…ဒါဆို ကိုစိုးကျော် ဝင်စားတဲ့-အစ်မရှင်းလဲ့ဝင်းက အငယ်ပေါ့နော် ။”

အန်တီဒေါ်ခင်မြက ခေါင်းညိတ်ရင်း သမီးဖြစ်သူ-ရှင်းနွဲ့ဝင်းကို ငေးကြည့်နေသည် ။

မရှင်းနွဲ့ဝင်းက မိန်းမဆန်သူပီပီ မီးဖိုချောင်ကိစ္စများကို မျက်နှာလွှဲထားရပုံရသည် ။ ထမင်းဆိုင်ရှိ ဟင်းလျာ အများစုမှာလည်း သူ့လက်ရာများသာဖြစ်ကြောင်းသိရသဖြင့် ချီးကျူးမိပါ၏ ။ ဤသို့ဖြင့်…“အတိတ်ဘဝ မေ့မရသူ” တစ်ယောက်အကြောင်း ကို နေ့လယ်စာစားသောက်ရင်း ကျွန်မ ကြားသိခဲ့ရပါသည် ။

စားသောက်လို့ပြီးသွား၍ ကျသင့်ငွေကို ရှင်းတော့ ဒေါ်ခင်မြက ကျွန်မနှင့် အတန်ငယ်ခင်မင်သွားသဖြင့် ဈေးလျှော့ပေးရှာသည် ။

" အဒေါ်ရေ...ကျွန်မက စာရေးဆရာပေါက်စဆိုတော့ အဒေါ့်သမီးတွေအကြောင်း စာရေးချင်လို့ ။ အဲဒါ...အဒေါ်ခွင့်ပြုပေးနိုင်မလား ။"

" အို...ရေးချင်ရေးပါ ။ ဒါပေမဲ့ နာမည်အရင်းတော့ ထည့်မရေးနဲ့နော် ။"

" ဟုတ်ကဲ့ စိတ်ချပါ အဒေါ် ။ အခုလို ပြောပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ။ ခွင့်ပြုပါဦး...ကျွန်မ ဒီနားက ဧည့်ရိပ်သာမှာ တည်းပါတယ် ။ ပုပ္ပါးကို အဘထွက်ပွဲတိုင်း ရောက်ဖြစ်ပါတယ် ။ နောင်လည်း လာအားပေးပါဦးမယ် ။"

" အေး...အေး...ကျေးဇူးတင်ပါတယ်ကွယ် ။ "

ကျွန်မ ပုပ္ပါးရွာရှိထိုစားသောက်ဆိုင်မှ ဧည့်ရိပ်သာဆီသို့ လမ်းလျှောက်၍ ပြန်လာခဲ့သည် ။ ပုပ္ပါးရွာလေးသည် မိုးရေငွေ့ တို့၏ ရင်ခွင်တွင် အေးငြိမ်းချမ်းမြစွာ ခိုလှုံမှေးစက်လျက်ရှိပါတော့သည် ။

**( ၂၀၁၁ခုနှစ် - နိုဝင်ဘာလထုတ် ပြိစ်မှုမဂ္ဂဇင်း )**

**စေတနာရှေ့ထားလျက်...**

**ဂါဦးနွန်းကို**

*